ငြိမ်းအေးကျေးရွာ

ငြိမ်းအေးအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ငြိမ်းအေးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဧပြီလ၊ ၂၀၁၉

**မာတိကာ**


မာတိကာ
အတိုကောက်စကားလုံးများ ၁
စကားချီး ၂
ငြိမ်းအေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃
ငြိမ်းအေးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆
(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၅

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ**
**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**
**ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၁၉ **မွေးမြူရေးကဏ္ဍာ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ
**ဇယား** ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
**ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ**
ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**
**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
**ဇယား** ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရဝေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၆**
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇**
**ကိုးကားစာရင်း ၆၈**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ငြိမ်းအေးကျေးရွာ
ဇလွန်မြို့နယ်

**ငြိမ်းအေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်**



## ငြိမ်းအေးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



| စဉ် | အဖြစ်အပျက် | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | နေပြင်း | အပူနှင့်နေပြင်း | မိုးကျ / နေ | မိုးများ | မိုးပိုမိုးရွာ | နေပူ / မိုးရွာ | မိုးရွာ | တိမ်ကင်းစင် | နေပူ | နှင်းမှုန်မှုံ | နှင်းထူ | နေပူပြင်း |
| ၂။ | စိုက်ပျိုးရေး (တောင်/ယာ/လယ်ကိုင်း) | မတ်ပဲ ပဲမျိုးရိုး ပြောင်းသိမ်း | ပြောင်းသိမ်း ခပါး၊ ကြံခင်း ထယ်ရေးပြင် | မိုးစပါးကြဲ ပျိုးခင်း၊ နှုတ် ခင်းထယ်ရေး | မိုးစပါးပျိုး တောင်ယာစပါး ကြံခင်းအသေပြင် | မိုးစပါးစိုက် ဆေးဖြန်း မြေပြာကြဲ | မြေပြာကျွေး ပေါင်းသင် စိုက်ပျိုး | စပါးရိတ် ပြောင်းထယ် ရေးပြင် | စပါးသိမ်း ပြောင်းစိုက် ပဲစိုက် | ပြောင်းပေါက် မြေဆီကျွေး ပဲအသေဖြန်း | ပဲအားဖျန်း ပြောင်းပေါက် ပဲဝတ်သိမ်း | ပဲရိတ်သိမ်း ပြောင်းပေါက် [illegible] ၊ ပဲကောက် | ပြောင်းဝတ်ဉတ် ပြောင်းရွှေ့မှုန်း [illegible] ရောင်း |
| ၃။ | ကျန်းမာရေး (ရောဂါ) | - | ဖျား / မျက်စိနာ / ကြက်ညှာ | ဖျား ချောင်းဆိုးနာ | ဝမ်း နာ / ဖျား ချောင်းဆိုးတုတ်ကွေး | ကလေးများ ချောင်းဆိုး တုတ်ကွေး | ဖျား / အပူများ | ရာသီဖျား | - | - | - | အအေးမိ ချောင်းဆိုးများ | - |
| ၄။ | အလုပ်အကိုင် | ΔΔΔΔ | ΔΔΔΔ | ΔΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔ | ΔΔΔΔ | ΔΔΔΔ | ΔΔΔΔ | ΔΔΔΔ | ΔΔΔΔ | ΔΔΔΔ |
| ၅။ | ဝင်ငွေ / ထွက်ငွေ | ooooo / oooo | ooo / ooooo | ooo / ooooo | oooo / ooooo | oo / ooooooo | ooo / oooooo | ooo / ooooooo | ooo / ooooo | oooo / oooo | oooo / oooo | ooooo / ooooooo | ooooo / ooooo |
| ၆။ | ပွဲတော် | သင်္ကြန်ပွဲ သင်္ကြန်ကြိုမှုကျော် ပွဲ၊ အလှူပွဲ | ညောင်ရေသွန်းပွဲ တရားစခန်းပွဲ | | ဝါဆိုသင်္ကန်း ကပ်လှူပွဲ | တရားစခန်းပွဲ လှေပြိုင်ပွဲ ရေအားကစား | လှေပြိုင်ပွဲ ရေအား ကကွက် | မီးထွန်းပွဲ ဆီမီးပူဇော် သင်္ကန်းများ ကပ်တော် | ကထိန်ပွဲ | | | ထမနဲပွဲ | ဘုရားပွဲတော် ပဒ္ဒါနဲ့ပွဲ |
| ၇။ | အားကစား | ရပ်ကွက်ချင်း ဘောလုံးကန် ပြိုင်ပွဲ | ဗိုက်ကျော် ခြင်းခတ် ကစား | သဲသောင်းပြင် ဘောလုံးကန် | ကိုးပြင်မြေပေါ် ဘောလုံးကန် | - | - | - | - | | | ရွာချင်း ဘောလုံးပွဲ ဗိုက်ကျော်ခြင်း ပြိုင်ပွဲ | ဘောလီဘော ပြိုင်ပွဲ ဗိုက်ကျော်ခြင်း |

ရက်စွဲ၊ ၁၅.၂.၂၀၁၉

ရေးဆွဲသူ၊ ဦးတင်ထူး

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

#### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

၆

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ငြိမ်းအေးကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ဇလွန်မြို့နှင့် (၁၅)မိုင်ကျော် အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)အထက်ရှိပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရေးကို မိုးရေဖြင့်လုံလောက် ပါသည်။ လယ်ယာမြေသည် စပါး၊ မတ်ပဲတို့ကို စိုက်ပျိုးထုတ်လုပ်ရန်နှင့် ကိုင်းမြေသည် ပြောင်းကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။



**(ခ) သဘာဝအရင်းအမြစ်**

ငြိမ်းအေးကျေးရွာတွင် ကျောက်နှင့်သဲ အနည်းငယ်ထွက်ရှိသောကြောင့် ကျေးရွာ လမ်းပန်း ဆက်သွယ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။ တွင်းထွက်သယံ ဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်နှင့်ကိုင်း လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင် အလွယ်တကူရရှိနိုင်ပါသည်။ စားကျက်မြေ သီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရ သော ကျိတ်မှန်ရွက်ပင်၊မြေဖရုံပင်၊ ကုန်းထီကရုံးပင်၊ ရှားစောင်းလက်ပတ်ပင် အစရှိသည့်အပင်များ ပေါက်ရောက်လျှက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ငြိမ်းအေးကျေးရွာတွင် အိမ်ခြေ(၃၆၇)အိမ်၊ အိမ်ထောင်စု(၃၆၇)နှင့် လူဦးရေ(၁၆၁၈)ဦး၊ ကလေးငယ် အရွယ်(၉)%၊ ကျောင်းနေအရွယ်(၁၀)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၉)%၊ သက်ကြီးရွယ်အို(၃)% ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား (၈၁၀)ဦး၊ အမျိုးသမီး(၈၀၈)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင် နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်း အမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေရရှိရေး တစ်ပိုင် တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်/ကိုင်း လုပ်ငန်း အဓိကလုပ်ကိုင်သူ(၂၆)%၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၁၀)%၊ ရာသီအလိုက် ကျပန်းလုပ်ငန်း လုပ်ကိုင်သူ(၅၁)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့် ပညာရေးဝန်ထမ်းများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက(၅၄၁)ဧက၊ ခြံမြေ ဧက(၁၂၆)ဧက၊ စုစုပေါင်း ၆၆၇)ဧကဖြစ်ကြောင်း၊ ယာမြေ၊ ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၃၃အိမ် (၉%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၁၂၀အိမ် (၃၃%)၊ ဆင်းရဲသော အိမ်ထောင်စု ၂၀၄အိမ်(၅၆%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု(၁၀)အိမ် (၃%)လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ မှာ လယ်လုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၅)ဧကအထက် လယ်မြေများပိုင်ဆိုင်ကြကြောင်း၊ လယ်ယာ လုပ်ငန်းသုံး ထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ဝန်ထမ်းနှင့်လယ်လုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး (၂)ဧကနှင့် (၄)ဧကကြား လယ်မြေများ ပိုင်ဆိုင်ကြကြောင်း၊ လုပ်ငန်းသုံး လက်တွန်းထွန်စက်ငယ်များ ပိုင်ဆိုင်ကြ ကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ ရာသီ



အလိုက် နေ့စားကျပန်းလုပ်ကိုင်ကြသော မြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် အိမ်ထောင်စု(၃၆၇)အနက် မြေယာမဲ့အိမ်ထောင်စု (၅၄)% ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၂၀)%ရှိကြောင်း၊ တောင်သူငယ်အိမ်ထောင်စု(၁၀)%ရှိကြောင်း၊ စိုက်ပျိုးမြေယာ ဧက(၅)ဧကနှင့် (၁၂.၅)ဧကကြားပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု (၇)%ရှိကြောင်း၊ စိုက်ပျိုးမြေယာ ဧက(၁၂.၅)ဧကအထက်ပိုင်ဆိုင်သူတောင်သူကြီးအိမ်ထောင်စု (၉)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာသည် လယ်နှင့်ကိုင်းအား အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့် လယ်ယာစိုက်ပျိုး ရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၁)စီး၊လက်တွန်းထွန်စက်(၃၁)စီး၊ ရိတ်သိမ်းခြွေလှေ့စက် (၁)စီး၊ ခြွေလှေ့စက်(၅)စီး၊ ရေစုပ်စက်(၃၈)စီးဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများမရှိ၍ ထွန်စက်နှင့်လက်တွန်းထွန်စက်တို့အား ငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စုအရေအတွက် (၃၈)အိမ် ရှိကြောင်း၊ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင် စက်ကိရိယာများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ငြိမ်းအေးကျေးရွာ အိမ်ထောင်စုပေါင်း(၃၆၇)အနက် (၃)လအောက် ဝမ်းစာမဖူလုံ၍ လုပ်အားခ ကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စုပေါင်း(၆၁)အိမ်ရှိပြီး ဝမ်းစာမဖူလုံသော အိမ်ထောင်စု များမှာလည်း အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသောအိမ်ထောင်စုများ၊ မိသားစုဝင်များပြားပြီး ကလေး ငယ်များသော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ်နှင့် အထက် ကျား(၂၀)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၂၈)ဦးရှိကြောင်း၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်း သည့် ပုဂ္ဂိုလ် ကျား(၂)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၁၀)ဦးရှိကြောင်း၊ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု(၆၄)စုရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၁၀၃)အိမ်ရှိကြောင်း၊ အခြားဒေသသို့ ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၂၀)အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများ မရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)လအောက်စားနပ်ရိက္ခာမဖူလုံသောကြောင့် လုပ်အားခ ကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက်ဖြေရှင်းရသည့်အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငြိမ်းအေးကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက် ရေဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော ကျေးရွာဖြစ်ပြီး ရေလမ်းခရီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအနည်းအကျဉ်းရှိကြောင်း၊ တီဘီရောဂါသည် အနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငြိမ်းအေးကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အသင့်အတင့်ရှိကြောင်း၊ တာအပြင်



ဘက်ခြမ်းတွင်နေထိုင်သော အိမ်ထောင်စုအချို့မှာ မိုးတွင်းအခါ ရေးကြီးတတ်သောကြောင့် နေရေး ထိုင်ရေး၊ သွားရေးလာရေး၊ စားဝတ်နေရေး အခက်အခဲအနည်းအကျဉ်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ငြိမ်းအေးကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယ ဖြစ်ပွားမှုနည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး စသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့် (၃)မိုင်ခန့်အကွာတွင် ရေလဲတိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ငြိမ်းအေးကျေးရွာအတွင်းတွင် ငြိမ်အေးကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ (၂)မိုင်နီးပါးခန့်ကွာဝေးတော ကလောတွင်တိုက်နယ်ဆေးရုံရှိခြင်း၊ (၃)မိုင်နီးပါးခန့်ကွာဝေးသော ဂုံညှင်းတန်းတွင် တိုက်နယ်ဆေးပေးခန်းရှိခြင်း၊ ဆေးရုံအတွင်းတွင် အခန်း၊ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၁၅)မိုင် (၄)ဖာလုံအကွာ မြစ်တစ်ဖက်ကမ်းတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံလောက်မှု ရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း၊ အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ငြိမ်းအေးကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၅)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၇)ဦး၊ (၀.၄)% ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၃၅၀)ဦး၊ မ(၄၀၀)ဦး၊ စုစုပေါင်း (၇၅၀)ဦး၊ (၅၁)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၂၈၂)ဦး၊ မ(၂၃၃)ဦး၊ စုစုပေါင်း(၅၁၅)ဦး၊ (၃၅)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၇၈)ဦး၊ မ(၉၇)ဦး၊ စုစုပေါင်း(၁၇၅)ဦး၊ (၁၂)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၁၀)ဦး၊ မ(၁၉)ဦး၊ စုစုပေါင်း(၂၉)ဦး၊ (၂)%ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား(၈၇)ဦး၊ မ(၈၀)ဦး၊ စုစုပေါင်း(၁၆၇)ဦး၊ (၁၀၀)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၇၂)ဦး၊ မ(၆၇)ဦး၊ စုစုပေါင်း (၁၃၉)ဦး၊ (၁၀၀)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၃၆)ဦး၊ မ(၄၀)ဦး၊ စုစုပေါင်း (၇၆)ဦး၊ (၇)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၃)ဦး၊ မ(၅)ဦး၊ စုစုပေါင်း(၈)ဦး တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာအလယ်ပိုင်းတွင် အထက်တန်းခွဲကျောင်းဆောင်ကို ဆောက်လုပ်ထားရှိထားပါသည်။ စာသင်ကျောင်းတွင် (၁၂၀'x၃၀')၊(၉၀'x၆၀') အတိုင်းအတာရှိ ကျောင်းဆောင် (၂)ဆောင်ရှိကြောင်း၊ ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်များဖြစ်ကြောင်း၊ ကျောင်းအိမ်သာမှာလည်း ကောင်းမွန်ပြီး ဆရာ/ဆရာမများ ကျောင်းသား/သူများအတွက် လုံလောက်မှုရှိကြောင်း၊ ကျောင်းဆရာ/ ဆရာမစုစုပေါင်း ကျောင်းဆရာ(၅)ဦး၊ ကျောင်းဆရာမ(၁၈)ဦး၊ စုစုပေါင်း (၂၃)ဦးတို့ရှိပြီး ဆရာ၊တပည့်အချိုး ကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငြိမ်းအေးကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိ၊ အဆင်ပြေပါကြောင်း လေ့လာ



တွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ကျား(၁၅)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၁၇)ဦးဖြင့် ဖွဲ့စည်းထားသော မိဘဆရာအသင်းရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိကြောင်း၊ ကျောင်းတွင် ကျောင်းဆရာ/မလုံလောက်မှုရှိကြောင်း၊ မိသားစုစားဝတ်နေရေးအရသော်လည်းကောင်း (သို့မဟုတ်) ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့်လည်းကောင်း မူလတန်း အဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ငြိမ်းအေးကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာ အတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ ကျေးရွာ သားများ ထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင်လယ်ယာလုပ်ငန်းအတွက်ယောက်ျားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၄၀၀၀)ကျပ် ဖြစ်ပါသည်။ ပန်းရံ၊

လက်သမားများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၈၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၅၀၀၀)ကျပ်ဖြစ်ကြောင်း၊ အရောင်းအဝယ်လုပ်ငန်းတွင် အမျိုးသားများ လုပ်အားခနှုန်းထားအများဆုံးမှာ (၁၀၀၀၀)ကျပ်၊ အမျိုးသမီးများလုပ်အားခနှုန်းထားအများဆုံး(၄၀၀၀)ကျပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း(၁)ကျောင်း၊ ဓမ္မာရုံ (၁)ကျောင်း၊ စေတီ(၁)ဆူ ရှိပါသည်။

ငြိမ်းအေးကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြုအဖွဲ့အစည်းများမှာ အဖွဲ့ဝင်(၁၅)ဦးဖြင့်ဖွဲ့စည်းထားသော မီးသတ်အဖွဲ့၊ အဖွဲ့ဝင်(၁၄၁)ဦးဖြင့်ဖွဲ့စည်းထားသော ဓမ္မစကူး ဖောင်ဒေးရှင်းအဖွဲ့၊ အဖွဲ့ဝင်(၁၁၀)ဦးဖြင့်ဖွဲ့စည်းထားသော မေတ္တာမီးနာရေးကူညီမှုအသင်းအဖွဲ့၊ အဖွဲ့ဝင် (၁၈၇)ဦးဖြင့်ဖွဲ့စည်းထားသော ကလျာဏကာရီပရဟိတအဖွဲ့တို့ရှိကြောင်း၊ အဖွဲ့အစည်းတို့၏ စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ ဓမ္မစကူး ဖောင်ဒေးရှင်းအဖွဲ့၊ Patchမြန်မာ ငွေစုငွေချေးအဖွဲ့တို့သာရှိကြောင်း သီးခြား ပြည်တွင်း/ ပြည်ပ ပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ငြိမ်းအေးကျေးရွာတွင် မိုးစပါး၊မတ်ပဲနှင့်ပြောင်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မိုးစပါး (၁)ကေ ပျမ်းမျှအထွက်နှုန်း(၇၅)တင်း၊ မတ်ပဲ(၁)ကေပျမ်းမျှအထွက်နှုန်း(၁၇.၅)တင်း၊ ပြောင်း(၁)ကေ ပျမ်းမျှအထွက်နှုန်း (၈၅)တင်းနှုန်းဖြစ်ကြောင်း၊ သီးနှံများအတွက်ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုးအမြတ်ရရှိမှုများမှာလည်း အသင့်အတင့်သာ ဖြစ်ကြောင်း၊ ပြောင်းကို အဓိကထားအားထားစိုက်ပျိုးရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်၊ ကိုင်းအဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်ယာမြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက် လိုအပ်သော ဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်းတို့ဖြစ်ကြပါသည်။

ငြိမ်းအေးကျေးရွာ၏သီးနှံထုတ်လုပ်မှုအတွက် ပြဿနာအခက်အခဲများမှာ စိုက်ပျိုးရေးသုံးအရင်း အနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး ထုတ်ချေးချိန် နောက်ကျခြင်းတို့ကြောင့် စပါး

ထွက်ရှိချိန်တွင် စပါးဈေးနှုန်းကျဆင်းနေသည့်အခါ အများစုသည် မိမိတို့စပါး ထုတ်ရောင်းရသဖြင့် အကျိုးအမြတ်များစွာဆုံးရှုံးရခြင်း၊ အထွက်နှုန်းကောင်းသော၊ ရာသီမရွေး စိုက်ပျိုးနိုင်ကာ ဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်မရှိသောကြောင့် သီးနှံအထွက်နှုန်း အလယ်အလတ်သာရှိခြင်းတို့ ဖြစ်ကြပါသည်။

ငြိမ်းအေးကျေးရွာတွင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု(၁၇)အိမ် အကောင်ရေ(၃၅)ကောင်၊မြင်းမွေးမြူသောအိမ်ထောင်စု(၁)အိမ် အကောင်ရေ(၂) ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၄၀)အိမ် အကောင်ရေ(၈၈)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု (၇၉)အိမ် အကောင်ရေ (၆၆၈)ကောင်၊ ဘဲမွေးမြူသောအိမ်ထောင်စု (၂၅)အိမ် အကောင်ရေ (၉၄)ကောင် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာ၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ် မွေးမြူကြခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ ငြိမ်းအေးအင်းထဲတွင် ဟင်းစားအဖြစ် ရှာဖွေစားသောက်ကြသူနှင့် စီးပွားဖြစ်ရှာဖွေသူများလည်းရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာ အခက်အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြခြင်းမဟုတ်ပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်/ကိုင်း လုပ်ငန်းအဓိကလုပ်ကိုင်သူ(၂၆)%၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၁၀)%၊ ရာသီအလိုက် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ(၅၁)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့် ပညာရေး ဝန်ထမ်းများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက်ရောဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော ကျေးရွာဖြစ်သော်လည်း ကျေးရွာနှင့် ဇလွန်မြို့သို့ တိုက်ရိုက်မော်တော်များ၊ စက်လှေများ အချိန်မရွေး ပြေးဆွဲ နေသောကြောင့် ကျေးရွာ၏ဒေသထွက်ကုန်များအား ရောင်းချရန်ဈေးကွက်ကောင်းရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။



ငြိမ်းအေးကျေးရွာသည် ရောဝတီမြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်ခြင်း၊ ဇလွန်မြို့နှင့် (၈)မိုင်ကျော် ကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ငြိမ်းအေးကျေးရွာ၏သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌ လယ်နှင့်ကိုင်း အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေစာအဖြစ် ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း

များအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူအသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များ ရရှိရေး လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် လယ်သမားအနည်းစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း ၁.၅ကျပ်)နှင့် UNDP ချေးငွေ (အတိုးနှုန်း ၂.၅ကျပ်)၊ သမဝါယမချေးငွေ(အတိုးနှုန်း ၂ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ (အတိုးနှုန်း ၅ကျပ်)နှုန်းဖြင့် ချေးယူသူ အနည်းအကျဉ်းမျှသာရှိပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ငြိမ်းအေးကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း (စက်တပ်) အသုံးပြုသူ အိမ်ထောင်စု (၁၀)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၆၃)အိမ်ရှိကြောင်း၊ မြစ်ချောင်းမှသော်လည်းကောင်း၊ အိမ်နီးချင်းတုံကင်တွင်းများမှ ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု (၂၉၄)အိမ် ရှိကြောင်း၊ တုံကင်တွင်းနှင့် မြစ်ချောင်းတို့မှ နွေးမိုးဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း၊ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက် ပေးထားသော ငြိမ်းအေးကျေးရွာ တွင်းနက်လည်းရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသူအိမ်ထောင်စု (၃၀၀)အိမ်၊ (၈၂)% ရှိကြောင်း၊ ကျေးရွာရှိ အိမ်ထောင်စု(၆၇)အိမ်မှာ ကိုယ်ပိုင်အိမ်သာမဆောက်လုပ်ဘဲ ဆွေမျိုးသားချင်းများနှင့် အတူတူမျှသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ငြိမ်းအေးကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေး ဆိုင်ရာကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေး ကျေးရွာရှိလူငယ်လူရွယ်များသည် အားကစားပါဝင်လုပ်ဆောင်မှုအားနည်းကြောင်း၊ အားကစား စိတ်ပါ ဝင်စားလာမည့် အထောက်အပံ့ဖြစ်စေမည့် အားကစားပြုလုပ်ရန် မြေနေရာအတည်တကျမရှိခြင်း တို့ကြောင့် ကိုယ်လက် ကြံ့ခိုင်ရေးအတွက် အားကစားစိတ်ပါဝင်စားစွာပါဝင်လာစေရန် လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း၊ ငြိမ်းအေးကျေးရွာတွင်းရှိလူငယ်လူရွယ်များ စာပေဗဟုသုတများ စိတ်ဝင်စား လာစေရန်၊ ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ကျေးရွာစာကြည့်တိုက် အကောင်အထည်ဖော်ဆောင် ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ငြိမ်းအေးကျေးရွာရှိ ပေ(၂၅၀၀)အတိုင်းအတာရှိ ရွာအထွက်လမ်းမှာ လယ်ကန်သင်းလမ်း ဖြစ်သော ကြောင့် ရာသီမရွေးဆယ်သွယ်သွားလာမှုပြုနိုင်ရေး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းအား ကျေးရွာမှ အင်တိုက်အားတိုက် ငွေကြေးစုဆောင်မှုများပြုနေကြောင်း၊ ငြိမ်းအေးကျေးရွာအုပ်စုနှင့် မြစ်ဝကျေးရွာအုပ်စု ဆက်သွယ်ထားသော ပေ(၃၀၀၀)အတိုင်းအတာရှိ အုပ်စုချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်၍ ရာသီမရွေး သွားလာဆက်သွယ်မှုမပြုနိုင်သောကြောင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းမှာ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငြိမ်းအေးကျေးရွာတွင် ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာ ဆက်သွယ် ထားသောတံတားမှာ လက်ရှိတွင် (၁၅၀’x၆’ x၁၂’)အတိုင်းအတာရှိပြီး အုတ်တိုင်ထူပြီး အပေါ်တွင် ဝါးများ တန်း၍ မိုးတွင်းအခါ စက်ဘီး၊ဆိုင်ကယ်များသွားလာကြကြောင်း၊ နွေအခါတွင် တံတားအောက်မှ အများဆုံး သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုကျေးရွာချင်းဆက်တံတားမှာ အင်္ဂူစွန်းမှ ကျောင်းသား/ ကျောင်းသူများ မိုးရာသီတွင် သွားလာရေးအဆင်မပြေသောကြောင့် အဆင့်မြှင့်တံတား တည်ဆောက်ရေး လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၂၃၂)အိမ်၊ (၆၃)%၊ ဆိုလာ ရှိသောအိမ်များတွင် ဘက်ထရီအိုးခြောက်များ တစ်ခါသွင်း(၁၀၀)ပေး၍ ဘက်ထရီအိုးအသုံးပြုသူ အိမ်ထောင်စု (၁၀၀)အိမ်၊ (၂၇)%ရှိကြောင်း၊ ဖယောင်းတိုင်မီးအသုံးပြုသော အိမ်ထောင်စု (၃၅)အိမ် (၁၀)% ရှိကြောင်း၊ လျှပ်စစ်မီးလင်းရေးရရှိလိုကြောင်း၊ ဇလွန်မြို့နှင့် ရေဝေတီမြစ်ခြားသောကြောင့် ဓါတ်အားလိုင်း ရရှိရေး အဆင်မပြေနိုင်သော်လည်း အနီးအနားရှိအုပ်စုများမှာ ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောကြောင့် ထိုအုပ်စုများမှာ အဖျောက်မြို့မှ သွယ်တန်းခွင့်ရရှိပါက မိမိတို့ ကျေးရွာ လည်း အကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှငွေကြေး မတတ်နိုင်ခြင်းကြောင့် ပူးပေါင်း ဆောင်ရွက်ပေးပါက ကျေးရွာမှလည်း တတ်အားသရွေ့ လူအင်အား၊ ငွေအင်အားတို့ထည့်ဝင်၍ အကောင် အထည်ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၃၁၂)လုံး၊ ရေဒီယို(၁၃)လုံး၊ တီဗွီ(၁၂၇)လုံး၊ ဂြိုလ်တုစလောင်း(၅၃)လုံးဖြင့် အသုံးပြုနိုင်မှု ရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါ သည်။



ငြိမ်းအေးကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၁၅)မိုင် ကွာဝေး သော အနီးဆုံးဈေး “ဇလွန်ဈေး’သို့ သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူ ရရှိနိုင်ပါသည်။

ငြိမ်းအေးကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၃၂)မိုင်အထက်ကွာဝေးသော ဟသ်ာတမြို့သို့ ဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ငြိမ်းအေးကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ် ဆေးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ငြိမ်းအေးကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်း လိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာ ဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

မြစ်ချောင်းနှင့်နီးပြီး သဲ၊ ကျောက်များ၊ လမ်းခင်းကျောက်များ အလွယ်တကူရရှိနိုင်ခြင်း၊ မိုးရာသီ တွင် ရေကြောင်းခရီးဖြင့် အခြားမြို့ရွာများသို့သွားလာနိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသော လှည်းလမ်း များသည် နွေအခါတွင် ကားများသွားလာနိုင်ခြင်း၊ လယ်ကွင်းများဆားငံရည်မဝင်ခြင်း၊ အထင်ကရ ငြိမ်းအေးအင်းရှိခြင်းတို့ကြောင့် ကျေးရွာ၏တည်နေရာအနေအထားကောင်းမွန်ပါသည်။

ငြိမ်းအေးကျေးရွာတွင် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဒီဇယ်အင်ဂျင်ပြင် ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များ မောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များ မောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သောအတတ်ပညာများ တတ်ကျွမ်းခြင်း၊ အထည်ချုပ်တတ်ခြင်း တို့ တတ်ကျွမ်းကြပါသည်။

ငြိမ်းအေးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ငြိမ်းအေးကျေးရွာ အတွင်းတွင် ငြိမ်အေးကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ (၂)မိုင်နီးပါးခန့်ကွာဝေးသော ကလောတွင် တိုက်နယ်ဆေးရုံရှိခြင်း၊ (၃)မိုင်နီးပါးခန့်ကွာဝေးသော ဂုံညှင်းတန်းတွင် တိုက်နယ်ဆေးပေးခန်းရှိခြင်း တို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိခြင်း၊ ကျေးလက်ဦးစီးဌာနမှ တည်ဆောက်ပေးထားသော ငြိမ်းအေးကျေးရွာစက်ရေတွင်းရှိခြင်းကြောင့် ရေကောင်းရေသန့်လုံလောက်စွာ ရရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များနှစ်စဉ်ရှိခြင်း၊ ကျန်းမာရေးပညာပေးအစီအစဉ်များ ရှိခြင်းတို့ကြောင့် ကျေးရွာသည် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိ အဆင်ပြေပါသည်။

ကျေးရွာတွင် အ.ထ.ကခွဲကျောင်းရှိခြင်း၊ ဘုန်းကြီးကျောင်းရှိခြင်း၊ ဘုရားစေတီရှိခြင်း၊ ဓမ္မာရုံရှိခြင်း၊ ကျေးလက်ကျန်းမာရေးဌာနရှိခြင်းတို့ကြောင့် ကျေးရွာသည် အခြေခံအဆောက်အဦ သင့်တင့်ပြည့်စုံမှုရှိပါ သည်။

ငြိမ်းအေးကျေးရွာတွင် မေတ္တာမီးအိမ်နာရေးကူညီမှုအသင်း၊ ကလျာဏကာရီပရဟိတအသင်း၊ ဓမ္မစကူးဖောင်ဒေးရှင်းအသင်းအဖွဲ့တို့ ရှိပြီး အမှန်တကယ် ကျေးရွာအတွင်း ထိထိရောက်ရောက် ပါဝင် လုပ် ဆောင်ကြပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

အနီးအနားပတ်ဝန်းကျင်စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဇလွန်မြို့နှင့် မြစ်ကူးချောင်းခြား ဝေးလံခေါင်သီသောအရပ်ဒေသတို့၌ တည်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြွံ့ကြာမှုများ ရှိနေပါသည်။

ကျေးရွာ၏ အနောက်ဘက်ရွာထွက်လမ်းမှာ ကျေးရွာတစ်ရွာလုံး အသုံးများသောလမ်းဖြစ်ပြီး ရာသီမရွေး ဆက်သွယ်သွားလာမှုမပြုနိုင်သောကြောင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ငြိမ်းအေးအုပ်စုနှင့် မြစ်ဝအုပ်စု ဆက်သွယ်ထားသောလမ်းမှာလည်း ရာသီမရွေးဆက်သွယ်သွားလာမှုမပြုနိုင်ခြင်း၊ ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာချင်းဆက်တံတားမှာ လက်ရှိတွင် အုတ်တိုင်ထူပြီး ဝါးများခင်းထားသောကြောင့် ရာသီမရွေးသွားလာမှုမပြုနိုင်ခြင်း၊ အငူစွန်းမှ ကျောင်းသား/ ကျောင်းသူများအတွက် အခက်အခဲရှိခြင်းတို့ကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြွံ့ကြာမှုများရှိနေပါသည်။

လျှပ်စစ်မီးလင်းရေးအား ကျေးရွာတစ်ရွာလုံးမှအင်တိုက်အားတိုက်ရှိနေသော်လည်း မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးသောကြောင့် အခက်အခဲများရှိနေပါသည်။

ကျေးရွာစာကြည့်တိုက်မရှိခြင်းတို့ကြောင့် လူငယ်လူရွယ်များ စာပေဗဟုသုတတိုးပွားရာအခြေခံအုတ်မြစ်မရှိသကဲ့သို့ကျေးရွာဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြွံ့ကြာမှုများ ရှိနေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ငြိမ်းအေးကျေးရွာအထွက်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာ ဆက်သွယ်ထားသောကျေးရွာချင်းဆက်တံတား (၁၅၀'x၆'x၁၂')တံတားအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာအတွင်းရှိ ကျေးရွာသူကျေးရွာသားများအား စာပေဗဟုသုတဖတ်ရှုမှုအားကောင်းစေရန် ကျေးရွာစာကြည့်တိုက် တည်ဆောက်သွားမည်။

က.၄ ) ကျွန်ုပ်တို့ ရွာလူထုသည် ငြိမ်းအေးအုပ်စုနှင့် မြစ်ဝအုပ်စု ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ရွာလူထုသည် လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ငြိမ်းအေးကျေးရွာသူကျေးရွာသားများ ရာသီမရွေးသွားလာ ဆက်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေး အဆင်ပြေစေရန် သက်ဆိုင်ရာ ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ ငြိမ်းအေးကျေးရွာအထွက်လမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် အငူစွန်းမှ ကျောင်းသား/ကျောင်းသူများ မိုးရာသီတွင် သွားလာရ အဆင်ပြေစေရန် သက်ဆိုင်ရာ ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်တံတား (၁၅၀'x၆'x၁၂')အုတ်တိုင်စိုက် ဝါးခင်းတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

ခ.၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာအတွင်းရှိ ကျေးရွာသူကျေးရွာသားများ၊ အဓိကအားဖြင့် လူငယ်လူရွယ်များအား စာပေဗဟုသုတဖတ်ရှုမှုအားကောင်းစေရန် ကျေးရွာမှထည့်ဝင်ငွေများစုဆောင်း၍ သက်ဆိုင်ရာဌာနသို့ချိတ်ဆက်တင်ပြကာ ကျေးရွာစာကြည့်တိုက် တည်ဆောက်သွားမည်။

ခ.၄ ) ကျွန်ုပ်တို့ ရွာလူထုသည် ကျေးရွာအတွင်းရှိ ကျောင်းသား/ကျောင်းသူများ မိုးတွင်းအခါ သွားလာရေး အခက်အခဲများမရှိစေရန် သက်ဆိုင်ရာ ကျေးလက်လမ်းဦးစီးဌာနသို့ တင်ပြတောင်းခံပြီး ငြိမ်းအေးအုပ်စုနှင့် မြစ်ဝအုပ်စု ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက် နိုင်ရမည်။

ခ.၅) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘက်စုံတိုးတက်ကောင်းမွန်စေရန် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြ ထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ် တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

၁၇

### (ခ) ကျေးရွာအထွက်လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

ငြိမ်းအေးကျေးရွာသူကျေးရွာသားများ ရာသီမရွေးသွားလာဆက်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေးအဆင်ပြေစေရန် သက်ဆိုင်ရာကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ငြိမ်းအေးကျေးရွာအထွက်လမ်း(ပေ၂၅၀၀)အား ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်။

### (ဂ) ကျေးရွာချင်းဆက်တံတားအား ကွန်ကရစ်တံတားအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

ငြိမ်းအေးကျေးရွာ အငူစွန်းမှ ကျောင်းသား/ကျောင်းသူများ မိုးရာသီတွင် သွားလာရ အဆင်ပြေစေရန် သက်ဆိုင်ရာကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်တံတား (၁၅၀'x၆'x၁၂')အုတ်တိုင်စိုက် ဝါးခင်းတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

### (ဃ) ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း

ကျေးရွာအတွင်းရှိ ကျေးရွာသူကျေးရွာသားများ၊ အဓိကအားဖြင့် လူငယ်လူရွယ်များအား စာပေဗဟုသုတဖတ်ရှုမှုအားကောင်းစေရန် ကျေးရွာမှထည့်ဝင်ငွေများစုဆောင်း၍ သက်ဆိုင်ရာဌာနသို့ ချိတ်ဆက်တင်ပြကာ ကျေးရွာစာကြည့်တိုက် တည်ဆောက်သွားမည်။

### (င) ကျေးရွာချင်းဆက်လမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

ကျေးရွာအတွင်းရှိ ကျောင်းသား/ကျောင်းသူများ မိုးတွင်းအခါ သွားလာရေး အခက်အခဲများမရှိစေရန် သက်ဆိုင်ရာ ကျေးလက်လမ်းဦးစီးဌာနသို့ တင်ပြတောင်းခံပြီး ငြိမ်းအေးအုပ်စုနှင့် မြစ်ဝအုပ်စုဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်။

### (စ) ကျေးရွာမှ လျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း

ကျေးရွာမှာ စီးပွားရေးအဆင့်အတန်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောကြောင့် ကျေးရွာ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊ လျှပ်စစ်မီးလင်းရေးရရှိရေးအတွက် ကျေးရွာမှ စိတ်အားထက်သန်နေသောကြောင့် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘက်စုံ

တိုးတက်ကောင်းမွန်စေရန် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ လျှပ်စစ်မီးလင်းရေး အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။



## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင်

စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။



### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ကျေးရွာအထွက်လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၂) ကျေးရွာချင်းဆက်တံတားအား ကွန်ကရစ်တံတားအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၃) ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း

(၄) ကျေးရွာချင်းဆက်လမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၅) ကျေးရွာမှ လျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာအထွက်လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၁ | Â | | | | |
| ၂။ | ကျေးရွာချင်းဆက်တံတားအား ကွန်ကရစ် တံတားအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၂ | | Â | | | |
| ၃။ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | | | Â | | |
| ၄။ | ကျေးရွာချင်းဆက်လမ်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၄ | | | | Â | |
| ၅။ | ကျေးရွာမှ လျှပ်စစ်မီးလင်းရေးရရှိအောင် ဆောင်ရွက်ခြင်း | ၅ | | | | | Â |



## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက်ရောဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသောကျေးရွာဖြစ်သော်လည်း ကျေးရွာနှင့် ဇလွန်မြို့သို့ တိုက်ရိုက်မော်တော်များ၊ စက်လှေများ

အချိန်မရွေးပြေးဆွဲနေသောကြောင့် ကျေးရွာ၏ဒေသထွက်ကုန်များအား ရောင်းချရန်ဈေးကွက်ကောင်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၂ နှင့် ၂၃ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| လုပ်အားအင်အား ရရှိနိုင်မှု | ရှားပါး ☒ လုံးဝမရှိ ☐ |
| လယ်ယာသားငါး ထုတ်ကုန်မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချ ရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☐ |
| ဈေးကွက်ဆိုင်ရာအသိအမြင် ရှိခြင်း | ဈေးကွက်အခြေအနေကိုကောင်းစွာနားမလည် ☐<br>လုံးဝနားမလည် ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☒ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှုနည်းသည် ☒ ကုန်ကြမ်းမရှိပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☐ လုံးဝမရပါ ☒ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ☒<br>ချေးငွေမရပါ ☐ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိ ခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရပါ ☐<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝမရပါ☒ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြု နိုင်သော ပညာတစ်ခုခုကို တတ်မြောက် ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိ ☐ လုံးဝမတတ်☐ |
| အလုပ်အကိုင်အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း☒<br>လုပ်အကိုင်အခွင့်အလမ်းမရှိ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်ခြင်း၊ ဇလွန်မြို့နှင့် (၈)မိုင်ကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် အခက်အခဲများ အနည်းငယ်ရှိကြောင်းလေ့လာတွေ့ ရှိရပါသည်။

၄၅

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | 'ရွှေ့ပြောင်းသွားလာနေထိုင်သူ' တစ်ဦးအနည်းဆုံးရှိသောအိမ်ထောင်စုနှင့် လူဦးရေ | ၃၃ | ၂၀ | ၁၃ | ၃၃ | ၈ | ၂ | ၁၀ | ၂၈ | ၁၅ | ၄၃ |
| ၂ | ကျေးရွာပြင်ပသို့ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | | ၂၀ | ၁၃ | ၃၃ | ၈ | ၂ | ၁၀ | ၂၈ | ၁၅ | ၄၃ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

မှတ်ချက်။ ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည်ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှနိုင်ငံခြား သို့ဖြစ်စေ၊ ပြည်တွင်းတစ်နယ်တစ်ကြေး သို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **'ရွှေ့ပြောင်း သွားလာနေထိုင်သူ'**ဟု သတ်မှတ်သည်။ နိုင်ငံတော်တာဝန်၊ အဖွဲ့အစည်းတာဝန်ဖြင့် ရွှေ့ပြောင်းအခြေချနေရသူများသည်လည်း ဤဇယားတွင် အကျုံး ဝင်ပါသည်။ သားသမီးနှင့် ဆွေမျိုးများထံတွင် ခိုလှုံရန်၊ မှီခိုရန် သွားရောက်အခြေချနေသော၊ ကျန်းမာရေးအရ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်သောပုဂ္ဂိုလ်များသည် ဤဇယားတွင် အကျုံးဝင်ပါသည်။ ခေတ္တပညာသွားရောက် သင်ကြားနေသူများ၊ ခေတ္တ ကျန်းမာရေး ကုသမှု ခံယူနေသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည်အခြေချနေထိုင်လျှက် ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီသွားနေသူများသည်လည်း ဤ ဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် ထိုင်းနိုင်ငံနှင့် မလေးနိုင်ငံတို့၌ သွားရောက်လုပ်ကိုင်သူ ကျား(၈)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၁၀)ဦးရှိကြောင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် ကာလမှာ (၁၂)လ အထက်အိမ်ထောင်စုများဖြစ်ကြောင်း၊ ရန်ကုန်စက်ရုံများတွင် သွားရောက်လုပ်ကိုင်နေသူ ကျား(၂၀)ဦး၊ မ(၁၃) ဦး၊ စုစုပေါင်း(၃၃)ဦးရှိကြောင်း၊ သွားရောက်အလုပ်လုပ်ကိုင်နေသည့်ကာလမှာ (၁၂)လအထက် အိမ်ထောင်စု များဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။



## (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၃ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် နိုင်ငံရပ်ခြားနှင့် ပြည်တွင်းရန်ကုန်စက်ရုံများသို့ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိ၍ မိသားစု၏စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့မှုများပေးနိုင်ရန်အတွက် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုအရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၃၃ | - | ၃၃ | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း(ဟွန်ဒီ) | - | | | |
| | - ခ။ ဘဏ် | ၃၃ | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | - | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ငြိမ်းအေးကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူများ၏ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု(၁၄)စုရှိပြီး ပြန်ပို့ငွေကို တိုက်ကြီးမြို့ရှိ ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်ယူလေ့ရှိ ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်**

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(အနီးဆုံး <u>တစ်ခုကိုသာဖော်ပြပါရန်</u>) | **အကြီးစားဈေးကွက်**<br>(<u>အဓိကတစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ဇလွန်ဈေး | ဟသ်ာတဈေး |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ⍓ ၁၀ မှ ၁၅ မိုင် ☐<br>၁၅ မိုင် အထက် | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ⍓ ၃၀ မှ ၅၀ မိုင်☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက်☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ် ⍓<br>ကား/ထော်လာဂျီ ☐ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐လှေ ☐စက်လှေ⍓ | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ် ⍓<br>ကား/ထော်လာဂျီ ⍓ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐လှေ ☐စက်လှေ⍓ |
| **ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု(<u>အနည်းဆုံးတစ်ခု နှင့်အထက်</u> ရွေးနိုင်သည်။)** | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ⍓ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း⍓ အဝတ်အထည်⍓<br>ဆောက်လုပ်ရေးပစ္စည်းများ၊<br>ပရိဘောဂများ⍓<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ⍓ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း⍓ အဝတ်အထည်⍓<br>ဆောက်လုပ်ရေးပစ္စည်းများ၊<br>ပရိဘောဂများ⍓<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ⍓ |
| **ဈေးအခြေခံအဆောက်အဦ** | ကောင်း ☐ သင့် ⍓ ညံ့☐ | ကောင်း ☐ သင့် ⍓ ညံ့☐ |
| **ဝန်ဆောင်မှု** | ကောင်း ☐ သင့် ⍓ ညံ့☐ | ကောင်း ☐ သင့် ⍓ ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၁၅)မိုင် ကွာဝေးသော အနီးဆုံးဈေး "ဇလွန်ဈေး'သို့ သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ ငြိမ်းအေးကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၃၂)မိုင်အထက်ကွာဝေးသော ဟသ်ာတမြို့သို့ ဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စိုက်ပျိုးရေးဘဏ်) | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း☒<br>၆လမှတစ်နှစ်ထိ☐<br>တစ်နှစ်နှင့်အထက် | အတိုးမဲ့☐<br>၁ မှ ၂%☒<br>၂ မှ ၅%☐<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်☒<br>မရှိပါ ☐ |
| သမဝါယမအသင်း | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း☐<br>၆လမှတစ်နှစ်ထိ☒<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☒<br>၂ မှ ၅%☐<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်☐<br>မရှိပါ ☒ |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ (UNDP) | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း☐<br>၆လမှတစ်နှစ်ထိ☒<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☒<br>၂ မှ ၅%☐<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်☒<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☒<br>၃-၆လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☐<br>၂ မှ ၅%☒<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်☐<br>မရှိပါ ☒ |
| မိတ်ဆွေနှင့် ဆွေမျိုးများ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☒ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐ | အတိုးမဲ့☐<br>၁ မှ ၂%☐<br>၂ မှ ၅%☒<br>၅ မှ ၁၀%☐ | လိုအပ်သည် ☐<br>မလိုအ | ရှိသည်☐<br>နည်းသည်☐<br>မရှိပါ ☒ |

| | | | | | |
|---|---|---|---|---|---|
| | | တစ်နှစ်အထက်☒ | ၁၀% ထက်☐ | ပ်ပါ☒ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။



မှတ်ချက်။ ။ မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ၊ **ကာလလတ်ချေးငွေ** ဆိုသည်မှာ ၃ နှစ်မှ ၅ နှစ်အထိ၊ **ကာလရှည်ချေးငွေ** ဆိုသည်မှာ ၅ နှစ်မှ ၁၀ နှစ်အထိ ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေး ပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာရှိ လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်းပြား၈၀)၊ ကျေးရွာ၏(၃ပုံ၂ပုံ)ခန့်လောက်သည် UNDP ချေးငွေ(အတိုးနှုန်း ၂.၅ကျပ်)၊ သမဝါယမချေးငွေ (အတိုးနှုန်း ၂ကျပ်)များကို ချေးယူသုံးစွဲကြသည်။ ငွေတိုးချေးသူထံမှ (အတိုးနှုန်း ၅ကျပ်တိုး)ဖြင့် ချေးယူသူလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု**

**(စ–၁) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား(၂၉)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲ များ

| အကြောင်းအရာ | အန္တရာယ်ရှိမှု |
|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| အပင်မျိုးစိတ်များ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | မြင့် ☒ လတ် ☐ နိမ့် ☐ |
| ရေအရင်းအမြစ် | မြင့် ☐ လတ် ☐ နိမ့် ☒ |
| ငါးမျိုးကွဲများ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် ☐ လတ် ☐ နိမ့် ☒ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံ ခန့်ခွဲမှု စနစ်၌ လယ်နှင့်ကိုင်း အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေစာအဖြစ် ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ

ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေဩဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူအသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| **အတန်းပညာပြီးမြောက်မှု** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| စာမတတ်သူဦးရေ | ၅ | ၂ | ၇ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၃၅၀ | ၄၀၀ | ၇၅၀ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၂၈၂ | ၂၃၃ | ၅၁၅ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၇၈ | ၉၇ | ၁၇၅ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၀ | ၁၉ | ၂၉ |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီခြင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမပြုဘဲ လေ့လာတွေ့ရှိချက်ကိုသာ မှတ်ချက်အနေဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆို သည်မှာ တစ်ဦးတစ်ယောက်၏ဘဝတွင်သင်ယူလေ့လာခဲ့သောနောက်ဆုံးပညာရေးအဆင့်/အခြေအနေကို ဆိုလိုပါသည်။

ဥပမာ – **ယခု စာရင်းကောက်ယူချိန်တွင်** အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေ သည်ပါက **'အလယ်တန်းအဆင့်ရှိသူဦးရေ'** တွင်လည်းကောင်း၊ တတိယတန်း (Grade 3) တွင် ပညာ သင်ကြားနေပါက (သို့မဟုတ်) **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ–ဘုန်းကြီးကျောင်းထွက်)** ရှိသည် ဆိုပါက **'မူလတန်းအဆင့်ရှိသူဦးရေ'** တွင်သာ ထည့်သွင်းရပါမည်။ **'ဘုန်းကြီးကျောင်းသင် ပညာရေး (ဘက–ကျောင်း)'**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာပညာရေးအဆင့်အလိုက် ထည့်သွင်း ရပါမည်။ စတုတ္ထတန်း (Grade4) အောင်မြင်ပြီး အလယ်တန်းပညာဆက်လက် သင်ကြားခြင်းမရှိပါက **'မူလတန်းအဆင့်ရှိသူဦးရေ'**တွင်သာ ထည့်သွင်းရပါမည်။ အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝမတတ်ပါက **'စာမတတ်သူဦးရေ'** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၅)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၇)ဦး၊ (၀.၄)% ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၃၅၀)ဦး၊ မ(၄၀၀)ဦး၊ စုစုပေါင်း (၇၅၀)ဦး၊ (၅၁)%ရှိကြောင်း၊ အလယ်တန်း အဆင့်ရှိသူဦးရေ ကျား(၂၈၂)ဦး၊ မ(၂၃၃)ဦး၊ စုစုပေါင်း(၅၁၅)ဦး၊ (၃၅)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူ ဦးရေ ကျား(၇၈)ဦး၊ မ(၉၇)ဦး၊ စုစုပေါင်း(၁၇၅)ဦး၊ (၁၂)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၁၀)ဦး၊ မ(၁၉)ဦး၊ စုစုပေါင်း(၂၉)ဦး၊ (၂)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဆ-၂) ကျောင်းတတ်နှုန်း**

ဇယား (၃၁) ကျောင်းတတ်နှုန်း

| **ပညာရေးအဆင့်အတန်း** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မူလတန်း | ၈၇ | ၈၀ | ၁၆၇ |
| အလယ်တန်း | ၇၂ | ၆၇ | ၁၃၉ |
| အထက်တန်း | ၃၆ | ၄၀ | ၇၆ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၅ | ၈ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက်ကသိုလ်/ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင်**'ဘုန်းကြီးကျောင်းသင်ပညာရေး'** ကို သင်ယူဆည်းပူး **သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား(၈၇)ဦး၊ မ(၈၀)ဦး၊ စုစုပေါင်း(၁၆၇)ဦး၊ (၁၀၀)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၇၂)ဦး၊ မ(၆၇)ဦး၊ စုစုပေါင်း (၁၃၉)ဦး၊ (၁၀၀)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၃၆)ဦး၊ မ(၄၀)ဦး၊ စုစုပေါင်း (၇၆)ဦး၊ (၇)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၃)ဦး၊ မ(၅)ဦး၊ စုစုပေါင်း(၈)ဦး တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | ကျောင်းအဆင့် |
|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐ မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☒ အထက်တန်း ☐ |
| **ခ။** ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☒ စက်ဘီး ☒<br>ဆိုင်ကယ် ☒ ကား ☐ |
| **ဃ။**စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ) | ၁၂၀’x၃၀’၊ ၉၀’x၆၀’ |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| စ။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☒<br>မလုံလောက်ပါ ☐ |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☒ ညံ့ ☐ မရှိ ☐ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☒တိုက်ကျွေးမှု မရှိပါ ☐ |

| စု။ ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| အစိုးရခန့် | ၅ | ၁၈ | ၂၃ |
| ကျေးရွာခန့် | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား×အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာအလယ်ပိုင်းတွင် အထက်တန်းခွဲကျောင်းဆောင်ကို ဆောက်လုပ်ထားရှိထားပါသည်။ စာသင်ကျောင်းတွင် (၁၂၀'x၃၀')၊(၉၀'x၆၀') အတိုင်းအတာရှိ ကျောင်းဆောင် (၂)ဆောင်ရှိကြောင်း၊ ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်များဖြစ်ကြောင်း၊ ကျောင်းအိမ်သာမှာလည်း ကောင်းမွန်ပြီး ဆရာ/ဆရာမများ ကျောင်းသား/သူများအတွက် လုံလောက်မှုရှိကြောင်း၊ ကျောင်းဆရာ/ ဆရာမစုစုပေါင်း ကျောင်းဆရာ(၅)ဦး၊ ကျောင်းဆရာမ(၁၈)ဦး၊ စုစုပေါင်း (၂၃)ဦးတို့ရှိပြီး ဆရာ၊တပည့်အချိုး ကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငြိမ်းအေးကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိ၊ အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၅၃

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာ

ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☒ မလုံလောက် ☐ |
| တပည့် - ဆရာ အချိုး | ၄၀ : ၁ အောက် ☐ ၄၀ : ၁ အောက် ☒ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☐ လတ် ☒ များ ☐ |
| မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☒ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☐ မလုံလောက် ☒ |
| ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ်မတက်နိုင်မှု | မြင့် ☐ အသင့်အတင့် ☒ |
| ကျောင်းအားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☒ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☐ သင့် ☒ ညံ့ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ငြိမ်းအေးကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ကျား(၁၅)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၁၇)ဦးဖြင့် ဖွဲ့စည်းထားသော မိဘဆရာအသင်းရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြောင်း၊ ကျောင်းတွင် ကျောင်းဆရာ/မလုံလောက်မှုရှိကြောင်း၊ မိသားစုစားဝတ်နေရေးအရသော်လည်းကောင်း (သို့မဟုတ်) ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့်လည်းကောင်း မူလတန်းအဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈)	ကျန်းမာရေးနှင့် အာဟာရ**

**(၈-၁)	အဖြစ်များသော ရောဂါများ**

ဇယား(၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | ဌက်ဖျား | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | HIV,AIDS,လိင်မှတစ်ဆင့်ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | တီဘီ | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | ဆီးချို | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | သွေးတိုး | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၉ | အသဲရောဂါ (ဘီ၊စီ) | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၁၁ | အခြားကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☒ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလကကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ငြိမ်းအေးကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယ ဖြစ်ပွားမှုနည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး စသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့် (၃)မိုင်ခန့် အကွာတွင် ရေလဲတိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကောင်းစွာရရှိပြီး အဆင်ပြေမှုရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား(၃၅)လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | **ရှိ** | **မရှိ** |
|---|---|---|---|
| ၁ | အဆုပ်ရောဂါ | | ☒ |
| ၂ | ဆုံဆို့ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသားဝါ | | ☒ |
| ၃ | ပိုလီယိုရောဂါ | | ☒ |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း) | ☒ | |
| ၅ | ဝက်သက်ရောဂါ | | ☒ |
| ၆ | အခြား စပေါင်းကာကွယ်ဆေး ထိုးနှံမှု | ☒ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ☒ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ☒ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက် ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေးထိုးနှံ ခြင်းများနှင့် အခြားစပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက် ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး(မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/<br>ဌာနခွဲ | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☒ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| မြို့နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☒<br>၁၀ မိုင် အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနား<br>တွင် ဆေးဆိုင်ရှိသည့် ☒ | ဆေးဆိုင်တွင်ဆေးဝါးများကို<br>စနစ်တကျသိုလှောင်ထားသည့် ☒ |

| | | |
|---|---|---|
| | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်မရှိပါ ☐ | ဆေးဆိုင်တွင်ဆေးဝါးများကို စနစ်တကျသိုလှောင်ထားခြင်းမရှိပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလကကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ငြိမ်းအေးကျေးရွာအတွင်းတွင် ငြိမ်အေးကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ (၂)မိုင်နီးပါးခန့်ကွာဝေးတောကလောတွင် တိုက်နယ်ဆေးရုံရှိခြင်း၊ (၃)မိုင်နီးပါးခန့်ကွာဝေးသော ဂုံညှင်းတန်းတွင် တိုက်နယ်ဆေးပေးခန်းရှိခြင်း၊ ဆေးရုံအတွင်းတွင် အခန်း၊ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၁၅)မိုင် (၄)ဖာလုံအကွာ မြစ်တစ်ဖက်ကမ်းတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း၊ အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိမှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျစမ်းသပ်စစ်ဆေးထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ') | **ရေ အရည်အသွေး** (သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုတွင် 'ရှိ' ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ 'မရှိ' ဟုဖြေဆို ထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့်လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | ၁၀ | ရှိ ☐ မရှိ ☒ | ကောင်း ☐ သင့် ☒ ညံ့ ☐ | နွေ ☒<br>မိုး ☒<br>ဆောင်း ☒ |
| အဝီစိတွင်း/ တုံကင် | ၆၃ | ရှိ ☐ မရှိ ☒ | ကောင်း ☐ သင့် ☒ ညံ့ ☐ | နွေ ☒<br>မိုး ☒<br>ဆောင်း ☒ |
| မိုးရေ | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐ |

| | | | | |
|---|---|---|---|---|
| သိုလှောင်ကန် | | | | မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | - | ရှိ ☐ မရှိ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း (စက်တပ်) အသုံးပြုသူအိမ်ထောင်စု (၁၀)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၆၃) အိမ်ရှိကြောင်း၊ မြစ်ချောင်းမှသော်လည်းကောင်း၊ အိမ်နီးချင်းတုံကင်တွင်းများမှ ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု (၂၉၄)အိမ် ရှိကြောင်း၊ တုံကင်တွင်းနှင့် မြစ်ချောင်းတို့မှ နွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း၊ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ငြိမ်းအေးကျေးရွာ တွင်းနက်လည်းရှိကြောင်းလေ့လာတွေ့ရှိရပါသည်။



**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာအမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ ယင်လုံအိမ်သာ | ၃၀၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၆၇ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသူ အိမ်ထောင်စု (၃၀၀)အိမ်၊ (၈၂)%ရှိကြောင်း၊ ကျေးရွာရှိ အိမ်ထောင်စု(၆၇)အိမ်မှာ ကိုယ်ပိုင်အိမ်သာမဆောက်လုပ်ဘဲ ဆွေမျိုးသားချင်းများနှင့် အတူတူမျှသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ည) ကျား-မ ရေးရာ**

ဇယား (၃၉) ကျား-မ ရေးရာ

| စဉ် | ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများ | ရှိ ☐ | မရှိ☒ |

| | | | |
|---|---|---|---|
| | တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများ တွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ☒ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☒ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု | ရှိ ☒ | မရှိ ☐ |

ရင်းမြစ် (၁)အဖွဲ့အစည်းများစာရင်း၊ (၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာရှိ ကျားမရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာ အတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ ကျေးရွာ သားများ ထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။



## (၄)     အခြေခံ အဆောက်အဦများ အခြေအနေ

### (၄-၁)  ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀)     ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာအထွက်လမ်း | ၁ ☐ ၂ ☐<br>၃ ☐ ၄ ☒<br>၅ ☐ ၆ ☐ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☒ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ | ဝ-၁ မိုင် ☒<br>၁-၅ မိုင် ☐<br>၅-၁ဝ မိုင် ☐<br>၁ဝမိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁ ☐ ၂ ☐<br>၃ ☐ ၄ ☒<br>၅ ☐ ၆ ☐ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☒ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ | ဝ-၁ မိုင် ☒<br>၁-၅ မိုင် ☐<br>၅-၁ဝ မိုင် ☐<br>၁ဝမိုင်အထက် ☐ |
| လမ်းသွယ် | ၁ ☐ ၂ ☐<br>၃ ☐ ☐<br>၅ ☐ ၆ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ | ဝ-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁ဝ မိုင် ☐<br>၁ဝမိုင်အထက် ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း-၁၊ကျောက်ခင်းလမ်း-၂၊ ကျောက်ချောလမ်း-၃၊ ကွန်ကရစ်-၄၊ ကတ္တရာလမ်း-၅၊ ကျောက်ပြားလမ်း-၆

**လေ့လာတွေ့ရှိချက်။ ။** ငြိမ်းအေးကျေးရွာရှိ ပေ(၂၅၀၀)အတိုင်းအတာရှိ ရွာအထွက်လမ်းမှာ လယ်ကန်သင်းလမ်းဖြစ်သောကြောင့် ရာသီမရွေးဆယ်သွယ်သွားလာမှုပြုနိုင်ရေး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းအား ကျေးရွာမှ အင်တိုက်အားတိုက် ငွေကြေးစုဆောင်မှုများပြုနေကြောင်း၊ ငြိမ်းအေးကျေးရွာအုပ်စုနှင့် မြစ်ဝကျေးရွာအုပ်စု ဆက်သွယ်ထားသော ပေ(၃၀၀၀)အတိုင်းအတာရှိ အုပ်စုချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်၍ ရာသီမရွေးသွားလာဆက်သွယ်မှုမပြုနိုင်သောကြောင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းမှာ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု**

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု

| **တံတား အမျိုးအစား** | **အရွယ်အစား (အလျား၊အနံ၊အမြင့်)** | **အရည်အသွေး** | **တည်ဆောက်ခဲ့သောနှစ်** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|---|---|
| ကျေးရွာချင်း ဆက်တံတား | ၁၅၀'x၆' x၁၂' | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☒<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| | | | | |
|---|---|---|---|---|
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာ ဆက်သွယ်ထားသော တံတားမှာ လက်ရှိတွင် (၁၅၀’x၆’ x၁၂’)အတိုင်းအတာရှိပြီး အုတ်တိုင်ထူပြီး အပေါ်တွင် ဝါးများ တန်း၍ မိုးတွင်းအခါ စက်ဘီး၊ ဆိုင်ကယ်များသွားလာကြကြောင်း၊ နွေအခါတွင် တံတားအောက်မှ အများဆုံးသွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုကျေးရွာချင်းဆက်တံတားမှာ အငူစွန်းမှ ကျောင်းသား/ ကျောင်းသူများ မိုးရာသီတွင် သွားလာရေးအဆင်မပြေသောကြောင့် အဆင့်မြှင့်တံတား တည်ဆောက်ရေး လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် Â ခြစ်ပါ။)

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး(မိုင်)** | **ယာဉ်အမျိုးအစား** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☒<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁☐ ၂ ☒ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☒ | ၁☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ၁ “ လှေ၊ သမ္ဗာန်၊ ၂– စက်လှေ၊ ၃– သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်သဖြင့် မြစ်ကြောင်းမှ တစ်နှစ်ပတ်လုံး သွားလာအသုံးပြုကြပြီး မိုးရာသီကာလတွင် ကျေးရွာမှ ဇလွန်မြို့သို့ တိုက်ရိုက် ရေလမ်းခရီးဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ သွားလာမှုပြုကြကြောင်း၊ နွေရာသီကာလများတွင် ကုန်းလမ်းဖြင့်တစ်ဆင့်၊ မြစ်ကြောင်းမှ စက်လှေဖြင့်တစ်ဆင့်၊ နှစ်ဆင့်ခရီးဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ သွားလာမှုပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၆၃ | ၁၇ | ၅၆ | ၈၆ | ၃ | ၂ | - | - | ၁၇ |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာသည် နီးစပ်ရာမြို့၊ရွာများသို့ စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားလာမှု အများဆုံးဖြစ်ကြောင်း၊ ဇလွန်မြို့သို့ စက်လှေ၊ မော်တော်များဖြင့် သွားလာမှုပြုကြကြောင်း၊ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်သည့် လှေ(၆၃)စီး၊ စက်လှေ(၁၇)စီး၊ စက်ဘီး(၅၆)စီး၊ မော်တော်ဆိုင်ကယ်(၈၆)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ ထော်လာဂျီ(၂)စီး၊ နွားလှည်း(၁၇)စီးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | ကောင်း□ သင့်□ညံ့ □ | ရှိ □ မရှိ □ |
| ဆိုလာစနစ် | ၂၃၂ | ကောင်း □သင့် ☒ ညံ့ □ | ရှိ □ မရှိ ☒ |
| အသေးစားရေအားလျှပ်စစ် | - | ကောင်း□ သင့် □ညံ့ □ | ရှိ □ မရှိ □ |
| ဒီဇယ်သုံးအင်ဂျင် | - | ကောင်း□ သင့် □ညံ့ □ | ရှိ □ မရှိ ☒ |
| လေစွမ်းအင် | - | ကောင်း□ သင့် □ညံ့ □ | ရှိ □ မရှိ □ |
| ဇီဝလောင်စာ(ဘက်ထရီ) | ၁၀၀ | ကောင်း □သင့် ☒ ညံ့ □ | ရှိ □ မရှိ ☒ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်း မပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | - | | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၃၅ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၂၃၂) အိမ်၊ (၆၃)%၊ ဆိုလာရှိသောအိမ်များတွင် ဘက်ထရီအိုးခြောက်များ တစ်ခါသွင်း (၁၀၀)ပေး၍ ဘက်ထရီအိုး အသုံးပြုသူအိမ်ထောင်စု (၁၀၀)အိမ်၊ (၂၇)%ရှိကြောင်း၊ ဖယောင်းတိုင်မီးအသုံးပြုသော အိမ်ထောင်စု

(၃၅)အိမ် (၁၀)%ရှိကြောင်း၊ လျှပ်စစ်မီးလင်းရေးရရှိလိုကြောင်း၊ ဇလွန်မြို့နှင့် ရောဝတီမြစ်ခြားသောကြောင့် ဓါတ်အားလိုင်းရရှိရေး အဆင်မပြေနိုင်သော်လည်း အနီးအနားရှိအုပ်စုများမှာ ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောကြောင့် ထိုအုပ်စုများမှာ အဖျောက်မြို့မှ သွယ်တန်းခွင့်ရရှိပါက မိမိတို့ကျေးရွာလည်း အကောင်အထည်ဖော် ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှငွေကြေး မတတ်နိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ပေးပါက ကျေးရွာမှလည်း တတ်အားသရွေ့ လူအင်အား၊ ငွေအင်အားတို့ ထည့်ဝင်၍ အကောင်အထည် ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၃၁၂ | ၁၃ | ၁၂၇ | ၅၃ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၃၁၂)လုံး၊ ရေဒီယို(၁၃)လုံး၊ တီဗွီ(၁၂၇)လုံး၊ ဂြိုလ်တုစလောင်း(၅၃)လုံးဖြင့် အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။



### (ၢ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များအနားယူအပန်းဖြေရန်နေရာများ ပျော်ပွဲရွှင်ပွဲများရှိခြင်း | ရှိ ☒ မရှိ ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☒ သင့် ☐ ညံ့ ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☒ သင့် ☐ ညံ့ ☐ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန် နေရာနှင့်အထောက်အကူပြုပစ္စည်းများရှိခြင်း | ကောင်း ☐ သင့် ☐ ညံ့ ☒ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | မရှိ ☒ နည်း ☐ များ ☐ |
| စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊စာကြည့်တိုက်များစသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငြိမ်းအေးကျေးရွာရှိလူငယ်လူရွယ်များသည် အားကစားပါဝင်လုပ်ဆောင်မှုအားနည်းကြောင်း၊ အားကစားစိတ်ပါဝင်စားလာမည့် အထောက်အပံ့ဖြစ်စေမည့် အားကစားပြုလုပ်ရန် မြေနေရာအတည်တကျ မရှိခြင်းတို့ကြောင့် ကိုယ်လက် ကြံ့ခိုင်ရေးအတွက် အားကစားစိတ်ပါဝင်စားစွာပါဝင်လာစေရန် လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုများပြုလုပ်ပေးသင့်ကြောင်း၊ ငြိမ်းအေးကျေးရွာတွင်းရှိလူငယ်လူရွယ်များ စာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်၊ ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ကျေးရွာစာကြည့်တိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းစသာဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☒ မရှိ ☐ |
| အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း | ရှိ ☒ မရှိ ☐ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ☒ |
| မှုခင်းများကာကွယ်တားဆီးလျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှဝန်ဆောင်မှုပေးခြင်း | ရှိ ☒ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ငြိမ်းအေးကျေးရွာသည်ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်း လိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသား များမှာ ဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | **လူကုန်ကူးမှု** | | **ခိုးမှု** | | **မူးယစ်ဆေးသုံးစွဲမှု** | | **အကြမ်းဖက်မှု** | |
|---|---|---|---|---|---|---|---|---|
| | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ |
| | သာမန် | ☐ | သာမန် | ☐ | သာမန် | ☐ | သာမန် | ☐ |
| | မရှိ | ☒ | မရှိ | ☒ | မရှိ | ☒ | မရှိ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငြိမ်းအေးကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**နောက်ဆက်တွဲ ၂**

**ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| **အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ** | **ရှင်းလင်းဖော်ပြချက်** |
|---|---|
| • ကျေးရွာ၏ပထဝီဝင်တည်ရှိမှု | မြစ်ချောင်းနှင့်နီးပြီး သဲ၊ ကျောက်များ၊ လမ်းခင်းကျောက်များ အလွယ်တကူရရှိနိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းခရီးဖြင့် အခြား မြို့ရွာများသို့သွားလာနိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသော လှည်းလမ်းများသည် နွေအခါတွင် ကားများသွားလာနိုင်ခြင်း၊ လယ်ကွင်းများဆားငံရည်မဝင်ခြင်း၊ အထင်ကရ ငြိမ်းအေးအင်းရှိခြင်း တို့ကြောင့် ကျေးရွာ၏တည်နေရာ အနေအထားကောင်းမွန်ပါသည်။ |
| • ပညာတတ်ကျွမ်းလုပ်သား | ငြိမ်းအေးကျေးရွာတွင် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဒီဇယ်အင်ဂျင်ပြင်ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များ မောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များ မောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သောအတတ်ပညာများ တတ်ကျွမ်းခြင်း၊ အထည်ချုပ်တတ်ခြင်းတို့ တတ်ကျွမ်းကြပါသည်။ |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ကျန်းမာရေး | ငြိမ်းအေးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ငြိမ်းအေးကျေးရွာအတွင်းတွင် ငြိမ်အေးကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊(၂)မိုင်နီးပါးခန့်ကွာဝေးသော ကလောတွင် တိုက်နယ်ဆေးရုံရှိခြင်း၊ (၃)မိုင်နီးပါးခန့်ကွာဝေးသော ဂုံညင်းတန်းတွင် တိုက်နယ်ဆေးပေးခန်းရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိခြင်း၊ ကျေးလက်ဦးစီးဌာနမှတည်ဆောက်ပေးထားသော ငြိမ်းအေးကျေးရွာစက်ရေတွင်းရှိခြင်းကြောင့် ရေကောင်းရေသန့်လုံလောက်စွာရရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များ နှစ်စဉ်ရှိခြင်း၊ ကျန်းမာရေးပညာပေးအစီအစဉ်များရှိခြင်းတို့ကြောင့် ကျေးရွာသည် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိ အဆင်ပြေပါသည်။ |
| • ကျေးရွာအခြေခံအဆောက်အဦ | ကျေးရွာတွင် အ.ထ.ကခွဲကျောင်းရှိခြင်း၊ ဘုန်းကြီးကျောင်းရှိခြင်း၊ ဘုရားစေတီရှိခြင်း၊ ဓမ္မာရုံရှိခြင်း၊ကျေးလက်ကျန်းမာရေးဌာန ရှိခြင်းတို့ကြောင့် ကျေးရွာသည် အခြေခံအဆောက်အဦ သင့်တင့်ပြည့်စုံမှုရှိပါသည်။ |
| • လူထုအခြေပြုအဖွဲ့အစည်းများ | ငြိမ်းအေးကျေးရွာတွင် မေတ္တာမီးအိမ်နာရေးကူညီမှုအသင်း၊ ကလျာဏကာရီပရဟိတအသင်း၊ ဓမ္မစကူးဖောင်ဒေးရှင်းအသင်းအဖွဲ့တို့ရှိပြီး အမှန်တကယ် ကျေးရွာအတွင်း ထိထိရောက်ရောက် ပါဝင် လုပ်ဆောင်ကြပါသည်။ |



**ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ**

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဒေသဆိုင်ရာအခက်အခဲ | အနီးအနားပတ်ဝန်းကျင်စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဇလွန်မြို့နှင့် မြစ်ကူးချောင်းခြား ဝေးလံခေါင်သီသောအရပ်ဒေသတို့၌ တည်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြံ့ကြာ မှုများရှိနေပါသည်။ |

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
| --- | --- |
| • အခြေခံအဆောက်အဦကဏ္ဍ | ကျေးရွာ၏ အနောက်ဘက်ရွာထွက်လမ်းမှာ ကျေးရွာတစ်ရွာလုံး အသုံးများသောလမ်းဖြစ်ပြီး ရာသီမရွေး ဆက်သွယ်သွားလာမှုမပြုနိုင်သောကြောင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ ငြိမ်းအေးအုပ်စုနှင့် မြစ်ဝအုပ်စု ဆက်သွယ်ထားသောလမ်းမှာလည်း ရာသီမရွေး ဆက်သွယ်သွားလာမှုမပြုနိုင်ခြင်း၊ ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာချင်းဆက်တံတားမှာ လက်ရှိတွင် အုတ်တိုင်ထူပြီး ဝါးများခင်းထားသောကြောင့် ရာသီမရွေး သွားလာမှုမပြုနိုင်ခြင်း၊ အငူစွန်းမှ ကျောင်းသား/ကျောင်းသူများအတွက် အခက်အခဲရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြန့်ကြာမှုများရှိနေပါသည်။ |
| • လျှပ်စစ် | လျှပ်စစ်မီးလင်းရေးအား ကျေးရွာတစ်ရွာလုံးမှ အင်တိုက်အားတိုက်ရှိနေသော်လည်း မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးသောကြောင့် အခက်အခဲများရှိနေပါသည်။ |
| • လူငယ် | ကျေးရွာစာကြည့်တိုက်မရှိခြင်းတို့ကြောင့် လူငယ်လူရွယ်များ စာပေဗဟုသုတတိုးပွားရာအခြေခံအုတ်မြစ်မရှိသကဲ့သို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာမှုများ ရှိနေပါသည်။ |

**နောက်ဆက်တွဲ(၃)**

**ငြိမ်းအေးအုပ်စု၊ ငြိမ်းအေးကျေးရွာ၏ဖွံ့ဖြိုးရေးကွင်းဆက်အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **အခြေခံအဆောက်အဦ** | | | | | |
| | • ဆက်သွယ်ရေး၊ သွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးအခက်အခဲများရှိနေခြင်း | • လမ်းမှာမြေသားလမ်းဖြစ်ခြင်း | • ကျေးရွာမှငွေကြေးပါဝင်ပူးပေါင်းနိုင်ခြင်း<br>• လုပ်အားပံ့ပိုး နိုင်ခြင်း<br>• လမ်းခင်းရာတွင်အသုံးပြုသော သဲများအလွယ်တကူရရှိခြင်း | • ငွေကြေးမလုံလောက်ခြင်း | • ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ ကျေးရွာသူကျေးရွာသားများပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ | • ငြိမ်းအေးကျေးရွာ ရွာအထွက်လမ်း(ပေ၂၅၀၀) ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း |
| ၂ | **အခြေခံအဆောက်အဦ** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • **အငှားစွန်းမှ ကျောင်းသား/ ကျောင်းသူများ မိုးရာသီတွင် သွားလာရခက်ခဲခြင်း** | • လမ်းမကောင်းခြင်း<br>• တံတားမှာအုတ်တိုင် ထူဝါးခင်းတံတားဖြစ်ခြင်း | • လုပ်အားပံ့ပိုးနိုင်ခြင်း | • ငွေကြေးမလုံလောက်ခြင်း | • ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ ကျေးရွာသူကျေးရွာသားများပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ | • ငြိမ်းအေးကျေးရွာနှင့် လေသာကုန်းကျေးရွာချင်းဆက် တံတား(၁၅၀ပေ)အား အဆင့်မြှင့်တည်ဆောက်ခြင်း |
| ၃ | လူငယ် | | | | | |
| | • **လူငယ်လူရွယ်များ စာပေဗဟုသုတလေ့လာလိုက်စားမှု အားနည်းခြင်း** | • အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်မည့် အခြေအနေ၊ အထောက်အပံ့ မရှိခြင်း | • **လုပ်အားပံ့ပိုးနိုင်ခြင်း**<br>• **ငွေကြေးအနည်းငယ်ပံ့ပိုးနိုင်ခြင်း** | • ငွေကြေးမလုံလောက်ခြင်း | • ကျေးရွာမှ အလှူရှင်၊ ကျေးရွာရပ်မိရပ်ဖများညှိနှိုင်းတိုင်ပင်၍ **ပြန်/ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း** | • **ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း** |
| ၄ | အခြေခံအဆောက်အဦ | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • **ကျောင်းသား/ကျောင်းသူများ မိုးတွင်းအခါ သွားလာရ ခက်ခဲခြင်း** | • လမ်းမှာမြေသားလမ်း ဖြစ်ခြင်း | • ကျေးရွာမှငွေကြေးပါဝင်ပူးပေါင်းနိုင်ခြင်း<br>• လုပ်အားပွဲပိုး နိုင်ခြင်း၊လမ်းခင်းရာတွင် အသုံးပြုသော သဲများ အလွယ်တကူ ရရှိခြင်း | ငွေကြေးမလုံလောက်ခြင်း | ကျေးလက်လမ်းဦးစီးဌာန၊ အလှူရှင် တို့နှင့်ချိတ်ဆက်၍ ကျေးရွာသူကျေးရွာသားများပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ | • ငြိမ်းအေးအုပ်စုနှင့် မြစ်ဝအုပ်စုကျေးရွာချင်းဆက်လမ်း (၃၀၀၀ပေ) ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း |
| ၅ | **လျှပ်စစ်** | | | | | |
| | • လျှပ်စစ်မီးအသုံး<br>• မပြုနိုင်ခြင်း၊ ဘက်ထရီမီး အများဆုံးအသုံးပြုနေရခြင်း | • မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးခြင်း | • အနီးအနားရှိကျေးရွာအုပ်စုများမှာ ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နှင့် နယ်နမိတ်ချင်းထိစပ်နေသောကြောင့်ထိုကျေးရွာများမှ သွယ်တန်း | | • သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ဌာန၊ ကျေးလက်ဦးစီးဌာန တို့အား တင်ပြတောင်းခံခြင်း၊<br>• အလှူရှင်နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • မဟာဓါတ်အားလိုင်းဖြင့်ကျေးရွာမီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | ခွင့်ရပါက မိမိတို့ကျေးရွာအနေဖြင့် အခွင့်အလမ်းရှိခြင်း | | | |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၈၊ဒီဇင်ဘာ။

၂။ ၂၀၁၉ခု ဇန်နဝါရီလက ငြိမ်းအေးကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊